mgyoe.com

ကလေးများလေ့လာဖွယ်အတ္ထုပ္ပတ္တိရုပ်ပြ

စိတ်ကူးချိုချိုအနုပညာ

စင်ကာပူအမျိုးသားခေါင်းဆောင်ကြီး

လီကွမ်ယု ရဲ့

အစောပိုင်းနှစ်များ

# ဟယ်ရီ

## အရွယ်ရောက်စ

ဝင်းလှိုင်ဦး



The Early Years of Lee Kuan Yew

# Harry

## Grows Up

Illustrated by
PATRICK YEE

mgyoe.com

mgyoe.com

ဟယ်ရီရဲ့ အရှယ်ရောက်စ(ငယ်ဘဝဖြတ်သန်းပုံ) ဆိုတဲ့
ယခုရုပ်ပြစာအုပ်ဟာ စင်ကာပူနိုင်ငံရဲ့ ကမ္ဘာကျော်ခေါင်းဆောင်ကြီး
လီကွမ်ယုရဲ့ ဘဝဖြတ်သန်းမှုကို ဖော်ညွှန်းတဲ့ စာအုပ်တွဲတွေထဲ တစ်အုပ်ပါ။
ယခုစာအုပ်မှာဆိုရင် ကိုလိုနီခေတ်မှာ မွေးဖွားခဲ့တဲ့ ဟယ်ရီခေါ် လီကွမ်ယုရဲ့
တက္ကသိုလ်တက်စ ဆယ်ကျော်သက်ဘဝကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။
စင်ကာပူကို ဂျပန်တွေ ဝင်လာတဲ့အခိုက်နဲ့ ကြုံပြီး
သူ့ရဲ့ ဆယ်ကျော်သက်ဘဝဟာ ပြောင်းပြန်ဇောက်ထိုး ဖြစ်ခဲ့ရပါတယ်။
ဟယ်ရီခေါ် လီကွမ်ယုတစ်ယောက်ရဲ့ ခေတ်ပျက်ကြီးထဲက ရုန်းထွက်နိုင်ခဲ့တဲ့
ဇွဲသတ္တိတွေ၊ ဂျပန်ခေတ် သူ့အလုပ်အကိုင်ပုံစံတွေနဲ့
သူ့ရဲ့ နာမည်ကျော် **PAP** ပါတီကို တည်ထောင်နိုင်ခဲ့တဲ့ အချိန်ကာလအထိ
ဒီရုပ်ပြစာအုပ်က လူငယ်များ အတုယူဖွယ်၊ အားကျဖွယ် ဖော်ပြသွားမှာပါ။



WHQ0002
1,800.00 KS

mgyoe.com

mgyoe.com

ဟယ်ရီ အရွယ်ရောက်စ၊ ဝင်းလှိုင်ဦး
အပြင်အဆင် - နိုင်ခွန်အား၊ စာမျက်နှာ ၄၀ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးဗိုလ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး 1 8 0 0 ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

စင်ကာပူအမျိုးသားခေါင်းဆောင်ကြီးလီကွမ်ယုရဲ့အစောပိုင်းနှစ်များ

# ဟယ်ရီ အရွယ်ရောက်စ

# The Early Years Of Lee Kuan Yew HARRY, GROWS UP

**Patrick Yee**

ဝင်းလှိုင်ဦး

မြန်မာပြန်


ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

လီ ကွမ် ယု ရဲ့

# ဟယ်ရီ

## အရွယ်ရောက်စ

ဝင်းလှိုင်ဦး ( မြန် မာ ပြန် )



The Early Years of Lee Kuan Yew

# Harry

## Grows Up

Illustrated by

PATRICK YEE

mgyoe.com

mgyoe.com

အသက် ၁၇ နှစ်သား ဟယ်ရီအတွက်တော့ ရက်ဖဲလ်ကောလိပ်က စိတ်လှုပ်ရှားစရာ နေရာတစ်ခုပေါ့။ အဲဒီမှာ စာသင်ရတာကို သူအလွန် စိတ်ကျေနပ်မိတယ်။ နောက်တော့ သူ စကောလားရှစ်ရတဲ့အခါ ရက်ဖဲလ် ကောလိပ်အိမ်ရာဝင်းတစ်ခုမှာ နေထိုင်ခဲ့ရတယ်။





mgyoe.com

mgyoe.com

ဟယ်ရီဟာ သူ့ အကျွမ်းတဝင်မရှိတဲ့ အဆောင်ကြီးတစ်ခုမှာ ကျောင်းသား ၁၉ ယောက်နဲ့အတူ နေရတယ်။ အဲဒီမှာ အမြဲတမ်း ဆူညံနေတာပဲ။ ပြီးတော့ ဟယ်ရီက သူတို့တွေနဲ့ နေထိုင်စားသောက်ရတာကို မကြိုက်ဘူး။



mgyoe.com

mgyoe.com

ဟယ်ရီဟာ စာသင်ခန်းသို့သွားတဲ့အခါ ကုတ်အင်္ကျီနဲ့ လည်ပင်းစည်း (Neck Tie) ဝတ်ဆင်ရလေ့ရှိတယ်။ အဲဒီဝတ်စုံကို ဝတ်ရတာဟာ ဟယ်ရီ အတွက် သက်သောင့်သက်သာ မရှိဘူးလို့ ခံစားခဲ့ရတယ်။ အဲဒီအချိန်က စာသင်ခန်း ထဲမှာ လေအေးပေးစက်တွေလည်း မရှိသေးပါဘူး။

ရက်ဖဲလ်ကောလိပ် ပထမနှစ်မှာ ဟယ်ရီအတွက် အဆိုးဆုံးကာလ တွေက အနိုင်ကျင့်ခံရခြင်းပါပဲ။ ပထမနှစ် ကျောင်းသားတိုင်းဟာ အဲဒီလို ဆိုးရွားတဲ့ ကောလိပ်ကျောင်းသားဘဝ အစိတ်အပိုင်းကို ခက်ခဲစွာ ဖြတ်သန်းကြရတယ်။


စီနီယာကျောင်းသားတွေက ဆုတ်ဖြဲထားတဲ့ အစိမ်းရောင်နက်တိုင်တစ်ခု ဝတ်ဆင်ဖို့၊ အစိမ်းရောင်အလံ ဝှေ့ယမ်းဖို့၊ သီချင်းဆိုပြဖို့နဲ့ သွန်နှာခေါင်းနဲ့ စကျင်ကျောက်တစ်ခုကို မြေကြီးပေါ်မှောက်လျက် လှိမ့်ပြဖို့ စသည်ဖြင့် ဟယ်ရီကို အတင်းအကျပ် ဖိအားပေးခဲ့တယ်။





mgyoe.com


mgyoe.com



mgyoe.com

mgyoe.com

ကောလိပ်ကျောင်းသားတစ်ဦးစီဟာ အဓိက ဘာသာ ၃ ခု ရွေးချယ်သင်ကြားကြရတယ်။ ဟယ်ရီက အင်္ဂလိပ်စာကို ရွေးလိုက်တယ်။ နောင်တစ်ချိန် သူ ဥပဒေပညာ သင်တဲ့အခါ အင်္ဂလိပ်စာက အထောက်အကူ ဖြစ်နိုင်မယ်ထင်လို့ပါ။ ပြီးတော့ သချ်ာကို ရွေးတာက ဟယ်ရီဟာ အဲဒီဘာသာကို စိတ်ဝင်စားရုံတင် မဟုတ်ဘဲ သူ ကျွမ်းကျင်ပိုင်နိုင်လို့ပါ။ ဘောဂဗေဒဘာသာကိုလည်း စီးပွားရေး အဆက်အသွယ်မှာ သူ့ကို အကူအညီ ပေးနိုင်လိမ့်မယ်လို့ ခံစားရတဲ့အတွက် ရွေးချယ်ခဲ့ပါတယ်။





mgyoe.com

mgyoe.com

ဟယ်ရီဟာ သင်္ချာစာမေးပွဲတွေမှာ အမှတ်ကောင်းခဲ့ပါတယ်။ အဲဒီ ဘာသာရပ်မှာ အမြဲတမ်း အတော်ဆုံး ကျောင်းသားတစ်ယောက်ပေါ့။ ဒါပေမဲ့ သူဟာ အင်္ဂလိပ်နဲ့ စီးပွားရေးဘာသာရပ်တွေမှာ သင်္ချာလောက် လုပ်နိုင်မယ်လို့ ဟယ်ရီ မယုံကြည်ခဲ့ဘူး။ အင်္ဂလိပ်နဲ့ စီးပွားရေးဘာသာနှစ်ခုစလုံးမှာ သူ့ကိုနိုင်တဲ့ ပထမလုဘက် မိန်းကလေးတစ်ဦးက Kwa-Geok Choo ပေါ့။



mgyoe.com

mgyoe.com

ဟယ်ရီဟာ ရက်ဖဲလ်ကောလိပ်ယောက်ျားလေးကျောင်းမှာ တစ်ဦးတည်းသော မိန်းကလေးအဖြစ် Kwa- Geok Choo ကို သိခဲ့တယ်။ ဘုရင်မကြီးကပေးတဲ့ Queen's Scholarship အတွက် သူမဟာ ပြိုင်ဘက်ဖြစ် လာတာက ဟယ်ရီအတွက် ဒုက္ခတွင်းပါပဲ။






mgyoe.com

mgyoe.com

ဟယ်ရီရဲ့ ပူပန်မှုဟာ မကြာမီမှာပဲ တွေ့လာရပြီး ဒုက္ခတွင်း အစစ်ဟုတ်လား၊ မဟုတ်လားဆိုတာ သိရတော့တယ်။ သူ Queen Scholarship မရခဲ့ဘူးလေ။



mgyoe.com

mgyoe.com

၁၉၄၁၊ ဒီဇင်ဘာလ ၄ ရက်နေ့ နံနက် ၄ နာရီ၊ ရက်ဖဲလ်ကောလိပ်မှာ ဗုံးပေါက်ကွဲသံများကြားတော့ ဟယ်ရီ အိပ်ရာမှ နိုးလာခဲ့တယ်။ ဂျပန်တွေဟာ စင်ကာပူကို တိုက်ခိုက်သိမ်းပိုက်နေပါပြီ။

သင်ခန်းစာသင်တဲ့ ဆရာတွေရော၊ ကျောင်းသားရော ကောလိပ် အတွင်းမှ ထွက်ပြေးခဲ့ရပြီး ကျောင်းတွေ ပိတ်ခဲ့ရတယ်။


အဲဒီလောက် ပရမ်းပတာ ဖြစ်နေခဲ့တာတောင် ဟယ်ရီ ကတော့ မကြောက်ရွံ့ခဲ့ပါဘူး။ ဒါပေမဲ့ စစ်ပွဲတွင်း ပါဝင်ပတ်သက်ရခြင်းက သူ့ကိုတော့ နည်းနည်းစိတ်လှုပ်ရှားစေခဲ့တာ အမှန်ပါပဲ။





mgyoe.com

mgyoe.com




ဟယ်ရီဟာ ရက်ဖဲလ်ကောလိပ်ဌာနခွဲ
ဆေးဝါးအရန်ဝန်ဆောင်မှုအဖွဲ့နဲ့အတူ အကူအညီပေးဖို့ ခပ်မြန်မြန်
လက်မှတ်ထိုးခဲ့တယ်။ တစ်လ ကန်ဒေါ်လာ ၆၀ ရတယ်။
ဟယ်ရီဟာ ကြက်ခြေနီလက်ပက်တို့၊ ဟဲမက်ဦးထုပ်တို့ ဝတ်ဆင်ရပြီး
သူ့အိမ် Norfolk လမ်းကနေ ဌာနခွဲဖြစ်တဲ့ ကောလိပ်အထိ တစ်နေ့ကို ၆
မိုင် စက်ဘီးစီးပြီး သွားခဲ့ရတယ်။



mgyoe.com

mgyoe.com

ဂျပန်တွေ စင်ကာပူမြေက ဘယ်လောက်ကြာအောင် နေမလဲဆိုတာ
ဘယ်သူတစ်ယောက်ကမှ မသိခဲ့ကြဘူး။






mgyoe.com

mgyoe.com

ကျောင်းတွေ ပိတ်လိုက်ပြီ။ Norfolk လမ်း မိသားစုအိမ်ကို စောင့်ရှောက်ဖို့ ဟယ်ရီက ကျန်ခဲ့ရတယ်။ သူ့အမေက Telok Kurau မှာ ရှိတဲ့ အဘိုးဖြစ်သူအိမ်ကို ဟယ်ရီထက်ငယ်တဲ့ မွေးချင်းတွေကို ခေါ်ပြီး ပြောင်းရွှေ့သွားခဲ့တယ်။ မထွက်ခွာခင်မှာ သူ့အမေက ဟယ်ရီအတွက် စည်သွတ်ဘူးတွေ၊ အစားအစာနဲ့ ဆန်တွေ၊ သောက်စရာတွေကို ရေခဲသေတ္တာထဲမှာ အပြည့်ဖြည့်ပေးခဲ့တယ်။






mgyoe.com

mgyoe.com

ဘာအလုပ်မှ မရှိ၊ ကျောင်းလည်း မတက်ရ နေ့စဉ်တိုင်းမှာ အန္တရာယ်ကျရောက်နေတာမျိုးနဲ့ ၊ အဲဒီအချိန်မှာ ဟယ်ရီနဲ့တကွ စင်ကာပူနိုင်ငံသားတွေဟာ မလုံခြုံခြင်းနဲ့ စိုးထိတ်ရခြင်းစတဲ့ ခံစားချက်တွေ ခံစားလာရတော့တယ်။ စင်ကာပူနိုင်ငံအတွင်းမှာ ဟယ်ရီနဲ့ အခြားအခြားသောသူတွေဟာ ဆုံးရှုံးခြင်းဆိုက်နေကြတာပေါ့။ အိမ်မှာ နေကြရတာကပဲ အလုံခြုံဆုံးပဲ။ ဒါပေမဲ့ ဟယ်ရီက ဘာမှမလုပ်ဘဲ အိမ်မှာထိုင် အချိန်ကုန်နေရတာကို မလိုလားခဲ့ဘူး။

ဒီတော့ ဟယ်ရီဟာ တရုတ်စာသင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဟယ်ရီဟာ တရုတ်ဘာသာ လွယ်လွယ်ကူကူ သင်လို့ရမယ့် အဘိဓာန်ဝယ်ခဲ့တယ်။ တရုတ်ဝေါဟာရ ၇၀၀ လောက်နဲ့ ထိတွေ့ခွင့်ရခဲ့တာပါ။ နောက်နှစ်ပတ်အကြာမှာ ဟယ်ရီဟာ စာအုပ်ဆိုင်သို့ သွားပြီး နောက်ထပ် အဘိဓာန်ဝယ်ပြန်တယ်။

ဟယ်ရီဟာ တရုတ်ဘာသာစကား လေ့ကျင့်ဖို့ စာအုပ်အတွဲလိုက် ဝယ်ခဲ့တယ်။ နောက်ထပ် လအနည်းငယ်အကြာမှာတော့ ဟယ်ရီဟာ တရုတ်စကားလုံး ၁၅၀၀ ကို ရေးသားဖို့ လေ့လာသင်ယူနိုင်ခဲ့ပြီပေါ့။





mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

တရုတ်ဘာသာ သင်ကြားနေရတာ ဘယ်လောက် စိတ်ဝင်စားစရာကောင်းလဲ သိပြီးတဲ့နောက် ဟယ်ရီဟာ ဂျပန်စာကိုလည်း သင်ယူဖို့ စိတ်ပါလာတယ်။ ဂျပန်တွေ ဒီမှာနေကြတုန်း ဟယ်ရီဟာ သူနဲ့သူ့မိသားစု အကျိုးအတွက် ဂျပန်ဘာသာသင်ဖို့ စိတ်ကူးခဲ့တာပါ။ ဂျပန်တွေဆီမှာ အလုပ်ရှာတဲ့အခါ ဒုက္ခမဖြစ်စေဖို့ပေါ့။

ဒါကြောင့် ဟယ်ရီဟာ Queen လမ်းမှာရှိတဲ့ ဂျပန်ဘာသာသင်ကျောင်းမှာ ၃ လ သင်တန်း တက်ခဲ့တယ်။ ဟယ်ရီဟာ ဂျပန်စာ သင်ယူ ရတာ ပျော်စရာကောင်းပြီး တရုတ်ဘာသာ သင်ရတာထက် ပိုလွယ်တယ်လို့ သိရတယ်။



mgyoe.com




mgyoe.com



mgyoe.com